မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်


*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F __ Volume 15/ Issue 2/ February/ 2022*


## *Ministry of the Laity*



*All God's People*

*In All Places,*

*And*

*In All Times,*

*Are Called*

*To Love*

*And*

*To Serve!!!*

## Announcements and Upcoming Service




### 2022, February Worship Service

*2/06/2022 – Holy Communion Service*

*2/13/2022 – B.C.F. Chinese New Year*

*2/20/2022 – Regular Service*

*2/27/2022 – Laity's Sunday Service*

***B.C.F Worship time***

*Sunday Service … 2:00PM*

*Children Sunday School … 2:15 PM*

*BCF Youth … 2:15 PM*

***Prayer Meeting***

*Every Saturday, 2:00 PM*

***Bible Study***

*Sunday 1:00-2:00 PM*

# Name and Position of B.C.F. official board members for the year 2022

- *Senior Pastor --- Rev. Henry Ang*
- *Associate Pastor --- Rev. Saw Livingstone Zan*
- *Pastoral Staff --- Sayama Hsimu Shein*
- *Prayer Meeting Leader --- Rev. Henry Ang*
- *Interpreter --- Rev. Martin Nyun*

- *President --- Kyaw Kyaw Thein*
  *Vice President --- Shian Ma*

- *Secretary --- Emily Ang*
  *Joint Secretary --- YiYi Aye*

- *Treasurer --- Alice Ang*
  *Joint Treasurer --- Thin Thin Mya*
  *Adviser --- San San Min*

- ***Trustee & Finance Committee***
  *Chairperson --- U Kyi Shinn*

- ***Mission & Evangelism Committee***
  *Chairperson --- Daw Paw Wah*
  *Joint 〃 --- Mon Mon Soe*
  *Member --- YiYi Aye*

- ***Worship & Music Committee***
  *Chaiperson --- John Ma*
  *Joint 〃 --- Irene Wang*
  *Member --- Ko Rongo*

- ***Christian Education Committee***
  *Chaiperson --- Sa San Min*
  *Joint 〃 --- Fiona Ang*

- ***Social & Recreation Committee***
  *Chairperson --- Mon Mon Soe*
  *Joint 〃 --- Thin Thin*
  *Members --- San San Tin, San San Min and Kaythi Myat*

- ***Building Committee***
  *Consultant ---*
  *President --- Irene Wong*
  *Joint 〃 --- Ko Ringo*
  *Members --- Julius Lim, David Ang and Nyi Nyi Wintin*

- ***Christian Literature***
  *Editor --- YiYi Aye*
  *Joint 〃 --- John Ma*

- *Choir Director --- Sayama Hsimu Shein*
- *Assistant Choir Director --- Pearl Tiu*
- *Auditor --- Ma Sanda*
- *Pianist --- Patricia Aung and Bryan Tiu*
- *Finance Adviser --- Shu Tan*

## Name and Position of B.C.F. Youth for the year 2022

- *Advisers --- Rev.Livingstone Zan*
  *Shian Ma*
- *President --- Simon Nyun*
- *Treasurer --- Kendrick Lim*
- *Members --- Soe Myat Mon,*
  *Yumi Mintin and Jousha Lim*

*BCF Theme Bible Verses for the year 2022 … Proverbs. 3:5*

*“Trust in the LORD with all thine heart;*
*and lean not unto thine own understanding.”*

# ရှေးပညတ်စကား
# နှင့်
# သခင်ယေရှု၏ပညတ်စကား



**ရှေးပညတ်စကား။–**

**(၁) လူအသက်ကိုမသတ်ရ၊ –**

သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏။

**သခင်ယေရှု၏ပညတ်စကားမူကား။–**

❖ညီအစ်ကိုကို အထောက်မတန်အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။
❖ညီအစ်ကိုကို ကဲ့ရဲ့သောသူသည် လွှတ်တော်၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။
❖ညီအစ်ကိုကို ကြိမ်ဆဲသောသူသည် ဂေဟန္နာအရပ်၌ မီးရှို့ခြင်းကို ခံထိုက်ပေ၏။

ထိုကြောင့် သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင့်၌အပြစ်တင်ခွင့်တစုံတခုရှိသည်ဟု အောက်မေ့သတိရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကို ထား၍သွားလော့။ ညီအစ်ကိုနှင့် တင့်သင့်ပြီးမှ ပြန်၍ပူဇော်သက္ကာကို တင်လော့။ တရားတွေ့ဘက်နှင့် အတူလမ်း၌သွားစဉ်ပင်၊ သူ၏စိတ်ကို ပြေစေခြင်းငှါ အလျင်အမြန်ပြုလော့။ သို့မဟုတ် တရားတွေ့ဘက်သည် တရားသူကြီး၌ အပ်မည်။ တရားသူကြီးသည်လည်း လုလင်ခေါင်း၌အပ်၍ ထောင်ထဲ၌ လှောင်ထားမည်။ လျော်ပြစ်ငွေ ရှိသမျှကို မလျော်မီတိုင်အောင် ထောင်ထဲက မထွက်ရ”ဟု ငါအမှန်ဆို၏။

**ရှေးပညတ်စကား။–**

**(၂) သူ့မယားကိုမပြစ်မှားရ၊**

**သခင်ယေရှု၏ပညတ်စကားမူကား။–**

❖ ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။

ထိုကြောင့် လက်ျာမျက်စိဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကို ထုတ်ပစ်လော့။ တကိုယ်လုံး ငရဲသို့ချခြင်းကို ခံရသည်ထက် အင်္ဂါတခုပျက်သော် သာ၍ ကောင်း၏။

ထိုနည်းတူ လက်ျာလက်ဖြစ်သော်လည်း သင့်ကို မှားယွင်းစေလျှင်၊ ထိုလက်ကို ဖြတ်ပစ်လော့။ တကိုယ်လုံး ငရဲသို့ချခြင်းကို ခံရသည်ထက် အင်္ဂါတခုသာ ပျက်သော် သာ၍ ကောင်း၏။”

**ရှေးပညတ်စကား။–**

**(၃) မယားနှင့်ကွာလိုလျှင် ဖြတ်စာကို အပ်ပေးစေ။**

**သခင်ယေရှု၏ပညတ်စကားမူကား။–**

❖ မှားယွင်းခြင်း အကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာသော သူသည် မိမိမယားကို မှားယွင်းစေ၏။
❖ ကွာသောမိန်းမနှင့် စုံဘက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကို ပြစ်မှား၏။

**ရှေးပညတ်စကား။–**

**(၄) မဟုတ်မမှန်ဘဲလျက်ကျိန်ဆိုခြင်းကိုမပြုရ၊**

ကျိန်ဆိုခြင်းကိုပြုသည်အတိုင်း ထာဝရဘုရားရှေ့တော်၌တည်စေလော့။

သခင်ယေရှု၏ပညတ်စကားမူကား။–

❖ ကျိန်ဆိုခြင်းကိုအလျှင်းမပြုရ။

● ကောင်းကင်ဘုံကို တိုင်တည်၍မကျိန်ရ။
ကောင်းကင်ဘုံကား ဘုရားသခင်၏ပလ္လင်တော် ဖြစ်သတည်း။
● မြေကြီးကို တိုင်တည်၍မကျိန်ရ။
မြေကြီးကား ဘုရားသခင်၏ခြေတော်တင်ရာခုံ ဖြစ်သတည်း။
● ယေရုရှလင်မြို့ကို တိုင်တည်၍ မကျိန်ရ။
မဟာမင်းကြီး၏မြို့တော် ဖြစ်သတည်း။

ဆံချည်တပင်ကိုမျှဖြူစေခြင်း၊ မည်းစေခြင်းငှါမတတ်နိုင်သော်လည်း၊
●ကိုယ်ဦးခေါင်းကိုတိုင်တည်၍မကျိန်ရ။
သင်၏စကားမှာ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ် ဖြစ်စေလော့။
ဤထက် လွန်သောစကားသည် မကောင်းသောအရာနှင့် စပ်ဆိုင်ပေ၏။

**ရှေးပညတ်စကား။–**

**(၅) သူ့မျက်စိကို ဖျက်လျှင် ကိုယ့်မျက်စိဖျက်ခြင်းကို ခံစေ။**
**(၆) သူ့သွားကို ချိုးလျှင် ကိုယ့်သွား ချိုးခြင်းကိုခံစေ။**

**သခင်ယေရှု၏ပညတ်စကားမူကား။–**

❖ နှောင့်ရှက်သောသူကို မဆီးမတားနှင့်။
❖ သင်၏ ပါးတဘက်ကို သူတပါးပုတ်လျှင်၊ ပါးတဘက်ကို လှည့်၍ ပေးဦးလော့။
❖ သင့်အင်္ကျီကိုယူလို၍ တရားတွေ့သောသူ အားသင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့။
❖ အကြင်သူသည် သင့်ကိုအနိုင်ပြု၍ ခရီးတတိုင် သွားစေ၏။
❖ ထိုသူနှင့်တကွ နှစ်တိုင်သွားဦးလော့။
❖ တောင်းသော သူအား ပေးလော့။
❖ ချေးငှါးလိုသော သူကိုလည်း မငြင်းမပယ်နှင့်။”

ရှေးပညတ်စကား၊–

(၇) ကိုယ်နှင့်စပ်ဆိုင်သောသူကိုချစ်လော့။

(၈) ရန်သူကိုမုန်းလော့၊

**သခင်ယေရှု၏ပညတ်စကားမူကား၊–**

သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏သား ဖြစ်လိုသော်၊–

- ❖ သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။
- ❖ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။
- ❖ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။
- ❖ သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။”

အကြောင်းမူကား၊ –ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည်

- ကောင်းသောသူ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။
- ဖြောင့်မတ်သောသူ မဖြောင့်မတ်သော သူတို့အပေါ်၌ မိုဃ်းကို ရွာစေတော် မူ၏။
- သင်တို့ကိုချစ်သော သူတို့အားသာ ချစ်တုံ့ပြုလျှင် အဘယ်ကျေးဇူးတင်သနည်း။
- အခွန်ခံသူတို့ပင် ဤမျှလောက် ပြုကြသည် မဟုတ်လော။
- အဆွေအမျိုး တို့အားသာ လောကဝတ်ပြုလျှင် အဘယ်သို့ ထူးမြတ်သနည်း။
- သာသနာပလူတို့ပင် ထို့အတူ ပြုကြသည် မဟုတ်လော။

ထာဝရဘုရားသည် ယနေ့တိုင်အောင် ကျေးဇူးပြုတော်မူသကဲ့သို့၊ ငါတို့ အသက်ကို စောင့်တော်မူမည်အကြောင်း၊ ငါတို့သည် ကိုယ်အကျိုးကိုထောက်၍၊ ငါတို့ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့လျက်၊ ဤပညတ်အလုံးစုံ တို့ကို ကျင့်စေခြင်းငှာ  မှာထားတော်မူ၏။

သို့ဖြစ်၍ ငါတို့ဘုရားသခင်ထာဝရဘုရား မှာထားတော်မူသည်အတိုင်း၊ ဤပညတ် အလုံးစုံတို့ကိုရှေ့တော်၌ ကျင့်စောင့်ခြင်းငှာသတိပြုလျှင်၊ ဖြောင့်မတ်ရာသို့ ရောက်ရကြလိမ့်မည်။

ထိုကြောင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည် နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။ ။





# ရောင့်ရဲတင်းတိမ်ခြင်း

John Ma

ရွှေကျမ်းချက် – ဖိလိပ္ပိသြဝါဒစာ၊၄း၁၁။
ထိုသို့ငါဆိုသော်၊ ကိုယ်တိုင်ဆင်းရဲခြင်းကို ရည်မှတ်၍ ဆိုသည် မဟုတ်။
အကြောင်းမူကား၊ ငါသည်ေ တွေ့ကြုံသမျှသော အခြင်းအရာ တို့၌
ရောင့်ရဲသောစိတ် ရှိအံ့သောငှါ သင်မိပြီ။

---

တခါတုံးက၊ ဘုရင်တစ်ပါးသည် သူ၏ဥယျာဉ်၌ ပန်းပင်အများစုမှာ လန်းလန်းဆန်းဆန်း မရှိဘဲ၊ ခြောက်သွေ့ပြီး သေခါနီးဖြစ်နေသည်ကို တွေ့ရသည်။ သူသည် ဂိတ်ဝနားတွင်ရှိသော ဝက်သစ်ချပင်ကို မည်ကဲ့သို့သော အခက်အခဲရှိသည်ကို စုံစမ်းမေးမြန်းလိုက်သည်။

ဝက်သစ်ချပင်ကလည်း သူသည် သူ့ဘဝကိုညည်းငွေ့ပြီး သေကြောင်းကြံစည် နေသည်။ အကြောင်းမှာကား သူသည် ထင်းရှူးပင်ကဲ့သို့ မြင့်မားခြင်းနှင့်လှပတင့်တယ်ခြင်း မရှိဘူးလို့ ဖြေကြား လိုက်သည်။

ထင်းရှူးပင်ကလည်း သူ၏ဘဝကို စွန့်ပစ်ချင်နေသည်။
အဘယ်ကြောင့်ဆိုသော် သူသည် မက်မွန်သီးပင်ကဲ့သို့ မတ်မတ်မထောင်နိုင်သည့်အပြင် အသီးလည်း မက်မွန်သီးပင်ကဲ့သို့ မသီးနိုင်။

ရေမွှေးပန်းကလည်း သူသည် ယူငုခေ ပန်းပင် ကဲ့သို့ မြင့်ပြီး ရနံ့မွှေးကြိုင်ခြင်းမရှိသောကြောင့် စိတ်ညစ်၍ မနာလိုဝင်တိုဖြစ်ကာ၊ ရတက်မအေး ဖြစ်နေသည်။

ဤကဲ့သို့ ပန်းပင်အများစုသည် သူများကိုယ့်ထက်သာသည်ကိုကြည့်ပြီး၊ ရောင့်ရဲတင်းတိမ်ခြင်း မရှိဘဲ မနာလိုဝန်တို ဖြစ်ကြကာ၊ စိတ်မချမ်းမသာ ဖြစ်နေကြသဖြင့် စိတ်ထောင်း၍ ကိုယ်ကြေ ဆိုသလို လန်းဆန်းခြင်းမရှိဘဲ၊ ခြောက်သွေ့နေကာ အသက်မဲ့နေကြသည်။

နောက်ဆုံး မထင်မှတ်ဘဲ ဒေစီပန်းပင်ငယ်ကလေးတပင် ရှိရာသို့ ရောက်ရှိလာသည်။ ဤပန်းပင်ငယ်ကလေးသည် အလွန်စိတ်အားတက်ကြွပြီး လန်းဆန်းစွာ အသက်ရှင်လျက် ရှိနေသည်ကို တွေ့ရသောအခါ ဘုရင်ကြီးသည် အလွန်ပင်အံ့အားသင့်သွားသည်။

ဤကဲ့သို့ စိတ်ဆင်းရဲခြင်းနှင့်စိက်ပျက်အားလျော့ခြင်း အအမျိုးမျိုးကြားထဲမှ အဘယ်ကြောင့် ရွှင်လမ်းဝမ်းမြောက်နိုင်သည်ကို ဘုရင်က မေးလိုက်သောအခါ၊–
ရဲရင့်သော ဒေစီပန်းပင်ငယ်ကလေးက “အရှင်မင်းကြီးက ကျွန်တော်မျိုးလို ဒေစီပန်းပင်ငယ် ကလေးကို အလိုရှိသောကြောင့် ဤဥယျာဉ်၌ စိုက်ထားခြင်း ဖြစ်သည်။ ထို့ကြောင့်ကျွန်တော်မျိုးသည် သေးငယ်သော်လည်း၊ အရှင်မင်းကြီး ပေးသနားတော်မူသော လက်ရှိအခြေအနေ၌ အကောင်းဆုံးသော ဒေစီပန်းပင်ငယ်ကလေး ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားနေပါသည်”ဟုလျှောက်တင်လိုက်သည်။

ကျွန်တော်တို့၏လက်ရှိ အခြေအနေသည် ကျွန်တော်တို့ ကြိုက်နှစ်သက်သော အခြေအနေ ဟုတ်ချင်မှဟုတ်မည် ဖြစ်ပြီး၊ ကျွန်တော်တို့သည် ရံဖန်ရံခါ စိတ်အားထက်သန်ခြင်း မရှိဘဲ စိတ်ပျက်အား

လျော့ခြင်း ဖြစ်ချင်လည်း ဖြစ်နေပါလိမ့်မည်။ ဤကဲ့သို့ ဖြစ်လာသောအခါ သခင်ဘုရား၏လက်တော်သို့ ဆုတောင်း၍ အပ်နှံလိုက်ပါ။ အကယ်၍ ကိုယ်တော်သည် ကျွန်တော်တို့ကို အခြားအခြေအနေ အသစ်တခုသို့ ပြောင်းရွှေ့စေရန် အလိုတော်ရှိနေပါက ကိုယ်တော်သည် ကျွန်တော်တို့ကို အခြေအနေအသစ်ဖန်တီးပေး၍၊ အောင်မြင်အောင် ဦးဆောင်လမ်းပြသွားမည် ဖြစ်သည်။ အကယ်၍ ကိုယ်တော်သည် ကျွန်တော်တို့ကို လက်ရှိအခြေအနေ အတိုင်း နေသွားစေလိုပါက၊ ကိုယ်တော်သည် ဤကဲ့သို့ နေသွားနိုင်စေသော ခွန်အားနှင့် အခြေအနေကို ချပေး မစသနားတော်မူမည် ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် ကျရာနေရာ၊ ရောက်ရာနေရာ၌ ကိုယ်တော်အားဖြင့်စိတ်အားတက်ကြွစွာဖြင့် အကောင်းဆုံး ဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစား ကြပါစို့။ ထိုသို့ပြုလျှင် ပို၍ ကောင်းအောင်ပြုလုပ်ပေးနိုင်သည်ဟူသော ကြေနပ်နှစ်သိမ့်မှုကို ရရှိမည်ဖြစ်သည်။ ။

---

**ကောရိသုသြဝါဒစာဒုတိယစောင်၊ ၁၂ း ၉–၁၀။**

ငါ့ကျေးဇူးသည် သင့်အဘို့ လောက်ပေ၏။
ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။

ထိုကြောင့် ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း
ငါ့ကိုယ်၌ အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငှါ
သာ၍ငါအလိုရှိ၏။

သို့ဖြစ်၍ ခရစ်တော်ကြောင့် ခံရသော အားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊
ညှဉ်းဆဲနှိပ်စက်ခြင်း၊ ကျပ်တည်းစွာသော ဒုက္ခဝေဒနာခံခြင်း တို့ကို ငါနှစ်သက်၏။

အကြောင်းမူကား၊ ငါသည် အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏။

---

2 Corinthian 12:9-10

But he said to me,
"My grace is sufficient for you,
for my power is made perfect in weakness."
Therefore I will boast all the more gladly about my weaknesses,
so that Christ's power may rest on me.
That is why, for Christ's sake, I delight in weaknesses,
in insults, in hardships, in persecutions, in difficulties.
For when I am weak, then I am strong

---